
GOVERNMENT OF
WESTERN AUSTRALIA

Department of **Local Government, Industry Regulation and Safety**

Building and Energy
Western Australia

Burmese | မြန်မာ




# RCD ဘေးကင်းရေးခလုတ်များ အသုံးပြုရန် လမ်းညွှန်




# အသုံးဝင်သောအချက်

ဘေးကင်းရေးခလုတ်ဟုလည်း ခေါ်သော Residual Current Device (RCD) ကို စမ်းသပ်ခြင်းသည် သင်နှင့် သင့်မိသားစုအား ဓာတ်လိုက်ခြင်းမှ ကာကွယ်ပေးရန် အထောက်အကူပြုပါသည်။
သင်ကိုယ်တိုင် လုပ်ဆောင်ရန် ယုံကြည်မှုရှိပြီး သင့်မီတာပုံး၏အခြေအနေကောင်းမွန်ပါက-

1. မီတာပုံးကို ဖွင့်ပါ။
2. RCD တစ်ခုချင်းစီပေါ်ရှိ စမ်းသပ်ခလုတ်ကို နှိပ်ပါ။ ၎င်းကို **T** အမှတ်အသား ပြထားသည်။
3. ခလုတ်သည် ချက်ချင်း **OFF** သို့ ပြောင်းသွားသင့်ပါသည်။
4. ခလုတ်ကို **ON** သို့ ပြန်ဖွင့်ပါ။

ထိုသို့ဖြင့် ဘေးကင်းရေးခလုတ်အား အသင့်အနေအထား ပြန်ရောက်စေပါသည်။

ခလုတ်မပိတ်ပါက သို့မဟုတ် ပြန်ဖွင့်မရပါက၊ လိုင်စင်ရလျှပ်စစ်ကန်ထရိုက်တာထံ ဖုန်းခေါ်ပါ။

သင့်ဘေးကင်းရေးခလုတ်ကို ၃ လတစ်ကြိမ် စစ်ဆေးပါ၊ သို့မဟုတ် ညွှန်ကြားချက်များအတိုင်း ပိုမို စစ်ဆေးပါ။

# RCD များသည် မည်သည့်အတွက် အရေးကြီးပါသလဲ။

Residual current devices (RCDs) များသည် အောက်ပါအန္တရာယ်များကို ကာကွယ်ရန် အထောက်အကူပြုပါသည်-

- ဓာတ်လိုက်ခြင်း။
- ဒဏ်ရာပြင်းစွာ ရရှိခြင်း။
- လျှပ်စစ်မှမီးလောင်ခြင်းများ။

သင့်ခလုတ်ခုံရှိ လျှပ်စီးဖြတ်ခလုတ်များနှင့် ဖျူးများသည် သင်နှင့် သင့်မိသားစုကို ဓာတ်လိုက်ခြင်းမှ မကာကွယ်ပါ။ RCD က ကာကွယ်ပေးပါသည်။

သင့်အိမ် သို့မဟုတ် စီးပွားရေးလုပ်ငန်းကို ပိုမိုဘေးကင်းစေရန်အတွက် အနည်းဆုံး RCD ဘေးကင်းရေးခလုတ်နှစ်ခု တပ်ဆင်ထားရမည် ဖြစ်သည်။

လိုင်စင်ရလျှပ်စစ်ကန်ထရိုက်တာသည် သင့်အတွက် RCD များကို တပ်ဆင်ပေးနိုင်ပါသည်။

RCD မရှိပါက သင်သည် ကာကွယ်မှု မရရှိနိုင်ပါ။

**RCD များကို တပ်ဆင်ပါ**



# စမ်းသပ် (T) ခလုတ်သည် မည်သည့်နေရာတွင် ရှိပါသလဲ။


သင့် RCD ပေါ်တွင် **T** စာလုံးအမှတ်အသားကို ရှာကြည့်ပါ။

ထိုခလုတ်သည် ပုံသဏ္ဍာန်၊ အရောင် မတူနိုင်သော်လည်း ၎င်းပေါ်တွင် **T** အမှတ်အသားကို အမြဲ ဖော်ပြထားပါသည်။


**T** ခလုတ်ကို ရှာမတွေ့ပါက-

- သင့် RCD ၏ဓာတ်ပုံကို ရိုက်ယူပါ။
- ထိုဓာတ်ပုံကို EGPGenialAdmin@lgirs.wa.gov.au သို့ အီးမေးလ်ပို့ပါ၊ အဆောက်အဦနှင့် စွမ်းအင်အဖွဲ့မှ တစ်ဦးဦးက သင့်အား ကူညီပေးပါမည်။

၁




၂




၃


16A
240V
ON
OFF
T

**T**

**ကို ရှာဖွေပါ**


၄


T
ON
OFF
RCD
SAFETY
SWITCH
40A
240V

၅


ON
OFF
10A
240V
T

၆


T
ON
OFF
16A
240V

# RCD ဘေးကင်းရေးခလုတ်များအတွက် စည်းကမ်းများ

## သင့်အိမ်ကို ရောင်းချမည်ဆိုပါက

သင့်အိမ် မရောင်းချမီ၊ စွမ်းအင်နှင့် မီးလျှပ်စီးကြောင်းအားလုံးအတွက် RCD များ တပ်ဆင်ရပါမည်။

RCD နှစ်ခု သို့မဟုတ် ထို့ထက်ပို၍ တပ်ဆင်မထားပါက၊ လျှပ်စစ်စည်းကမ်းများနှင့်ကိုက်ညီစေရန် လိုင်စင်ရ လျှပ်စစ်ကန်ထရိုက်တာတစ်ဦးအား RCD များ တပ်ဆင်ရန် ငှားရမ်းရပါမည်။

## သင်သည် အိမ်ငှားနေသည် ဆိုပါက

အိမ်ရှင်များသည် လျှပ်စစ်စည်းကမ်းများနှင့်အညီ အငှားအိမ်များတွင် RCD များကို တပ်ဆင်ထားရပါမည်။

RCDများ တပ်ဆင်မထားပါက၊ အိမ်ငှားများသည် အိမ်ရှင် သို့မဟုတ် အကျိုးဆောင်ကို ဆက်သွယ်၍ သတ်မှတ်ချက်များနှင့်အညီ RCD များ တပ်ဆင်ပေးရန် တောင်းခံသင့်ပါသည်။

အိမ်ငှားများသည် အောက်ပါတို့ကိုလည်း လုပ်ဆောင်သင့်ပါသည်-

- RCD များကို ၃ လတစ်ကြိမ် စစ်ဆေးပါ။
- ချို့ယွင်းချက်များရှိပါက အိမ်ရှင် သို့မဟုတ် အကျိုးဆောင်ထံ အကြောင်းကြားပါ။

RCD အလုပ်မလုပ်ပါက ချက်ချင်း အစားထိုးရပါမည်။

## RCD မည်မျှ လိုအပ်ပါသလဲ။

လျှပ်စစ်စည်းကမ်းများနှင့်အညီ အနည်းဆုံး RCD နှစ်ခု လိုအပ်ပါသည်။ အချို့အိမ်ခြံမြေများသည် ပိုမိုလိုအပ်နိုင်ပါသည်။

လိုင်စင်ရ လျှပ်စစ်ကန်ထရိုက်တာသည် သင့်အိမ် သို့မဟုတ် အဆောက်အအုံအတွက် လိုအပ်သော RCD အရေအတွက်ကို မှန်ကန်စွာ တပ်ဆင်ပေးပြီး သင့်အိမ်သည် စည်းကမ်းများနှင့်ကိုက်ညီမှုရှိကြောင်း သေချာစေပါမည်။

# လိုင်စင်ရလျှပ်စစ်ကန်ထရိုက်တာ လိုအပ်ပါသလား။

**လိုအပ်ပါသည်**။ RCD များ တပ်ဆင်ရန် သို့မဟုတ် ချို့ယွင်းမှုများ ပြုပြင်ရန်အတွက် လိုင်စင်ရ လျှပ်စစ်ကန်ထရိုက်တာကို အသုံးပြုရပါမည်။

## လျှပ်စစ်လုပ်ငန်းများကို ကိုယ်တိုင် မလုပ်ဆောင်ပါနှင့်။


လျှပ်စစ်လုပ်ငန်းများကို ကိုယ်တိုင် မလုပ်ဆောင်ပါနှင့်၊ သို့မဟုတ် လိုင်စင်မရှိသူကို အသုံးမပြုပါနှင့်။
၎င်းသည် အန္တရာယ်ရှိသည်။

သင် ဓာတ်လိုက်ခံရနိုင်သလို မီးလောင်မှုလည်း ဖြစ်ပွားစေနိုင်ပါသည်။

လိုင်စင်ရ လျှပ်စစ်ကန်ထရိုက်တာများသည်-

- လေ့ကျင့်သင်ကြားထားသူများ ဖြစ်ပါသည်
- ဘေးကင်းရေးဥပဒေများကို လိုက်နာဆောင်ရွက်ပါသည်
- ၎င်းတို့၏ လုပ်ငန်းအရည်အသွေးကို အာမခံပေးပါသည်။

**လိုင်စင်မရှိသူများက လျှပ်စစ်လုပ်ငန်းများ လုပ်ဆောင်ခြင်းသည် ဥပဒေနှင့် မညီပါ။**



# လိုင်စင်ရ လျှပ်စစ်ကန်ထရိုက်တာကို မည်သို့ ရှာရမလဲ။

လျှပ်စစ်ကန်ထရိုက်တာလိုင်စင်များကို အွန်လိုင်းတွင် စစ်ဆေးနိုင်ပါသည်။

- လျှပ်စစ်ကန်ထရိုက်တာလိုင်စင်သည် EC ဖြင့် စတင်ပါသည်
- လျှပ်စစ်ပညာရှင်လိုင်စင်သည် EW ဖြင့်စတင်သည်

လျှပ်စစ်ကန်ထရိုက်တာတစ်ဦးကို ရှာဖွေရန်


Government of Western Australia

**Department of Local Government, Industry Regulation and Safety**

**Building and Energy**

ဖုန်း- **၁၃၀၀ ၄၈၉ ၀၉၉**

ရုံးချိန်- **နံနက် ၈:၃၀ – ညနေ ၄:၃၀**

**လမ်းလိပ်စာ-**

Level 1 Mason Bird Building
303 Sevenoaks Street (entrance Grose Avenue)
Cannington Western Australia 6107

ဝက်ဘ်ဆိုက်- www.wa.gov.au/building-and-energy

အီးမေးလ်- be.info@lgirs.wa.gov.au

စာပို့ရန်လိပ်စာ**-** Locked Bag 100 East Perth WA 6892


**ထပ်ဆောင်းအထောက်အပံ့-**

National Relay Service- ၁၃ ၃၆ ၇၇

ဘာသာပြန်နှင့် စကားပြန်လုပ်ငန်း (TIS) ၁၃ ၁၄ ၅၀

ဤစာစောင်ကို အခြားပုံစံများဖြင့် တောင်းခံပါက ရရှိနိုင်ပါသည်။

LGIRS26_0202